**ယူအေအီးနိုင်ငံ၏ ဟက်ဘ်ရှန် - ဖူဂျိုင်ရာ ရေနံပိုက်လိုင်း တိုးချဲ့မှု ၂၀၂၇ ခုနှစ်တွင် ပြီးစီးမည် ဖြစ်၍ ရေနံတင်ပို့မှုပမာဏ နှစ်ဆ တိုးမြှင့်နိုင်ရန် မျှော်မှန်းထား**

ယူအေအီးနိုင်ငံ၊ အဘူဒါဘီရှိ ဟက်ဘ်ရှန် ရေနံလုပ်ကွက်မှ ဖူဂျိုင်ရာဆိပ်ကမ်းသို့ ရေနံစိမ်း သယ်ယူပို့ဆောင်ရန် တည်ဆောက်ထားသည့် အရှေ့-အနောက် ရေနံပိုက်လိုင်း တိုးချဲ့မှုအား ၂၀၂၇ ခုနှစ်တွင် အပြီးသတ်နိုင်မည်ဖြစ်ပြီး ယင်းပိုက်လိုင်းတိုးချဲ့မှု ပြီးစီးပါက ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းခြင်းမပြုဘဲ ဖူဂျိုင်ရာဆိပ်ကမ်းမှ ရေနံတင်ပို့မှုကို နှစ်ဆ တိုးမြှင့်နိုင်ရန် မျှော်မှန်းထားသည်။

အရှေ့-အနောက် ရေနံပိုက်လိုင်းဟု ခေါ်ဆိုသည့် ဟက်ဘ်ရှန်-ဖူဂျိုင်ရာ ပိုက်လိုင်းသည် ယူအေအီး နိုင်ငံ၏ အရေးအပါဆုံး မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်းများအနက် တစ်ခု ဖြစ်ပြီး ယုံကြည်စိတ်ချရသော ကမ္ဘာ့စွမ်းအင် တင်ပို့သည့်နိုင်ငံအဖြစ် ယူအေအီးနိုင်ငံ၏ ရပ်တည်မှုကို ပိုမိုခိုင်မာစေရန်နှင့် ဖူဂျိုင်ရာဆိပ်ကမ်းအား နိုင်ငံတကာ ရေနံတင်ပို့မှု ဗဟိုချက် ဖြစ်လာစေရန် မဟာဗျူဟာမြောက် ရည်မှန်းချက်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

အဘူဒါဘီ အမျိုးသား ရေနံကုမ္ပဏီ (Abu Dhabi National Oil Company-ADNOC) က တည်ဆောက်သည့် အဆိုပါ ရေနံပိုက်လိုင်းသည် အဘူဒါဘီရှိ ဟက်ဘ်ရှန် ရေနံလုပ်ကွက်မှ ရေနံစိမ်းများအား ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းခြင်းမပြုဘဲ အိုမန်ပင်လယ်ကွေ့တွင် တည်ရှိသည့် ဖူဂျိုင်ရာဆိပ်ကမ်းသို့ သယ်ယူပို့ဆောင်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါရေနံပိုက်လိုင်းစီမံကိန်းအား စွမ်းအင်ဖူလုံမှု တိုးတက်စေရေးနှင့် ဒေသတွင်း တင်းမာမှု များအကြား နိုင်ငံတကာဈေးကွက်သို့ ရေနံအဆက်မပြတ် တင်ပို့နိုင်စေရေး ယူအေအီးနိုင်ငံ၏ ကျယ်ပြန့်သော မဟာဗျူဟာဖြင့် စတင် ဆောင်ရွက်ခဲ့သည်။


အဆိုပါ ပိုက်လိုင်းသည် ပုံမှန်အားဖြင့် ကမ္ဘာ့ရေနံ တင်ပို့မှု၏ ၅ ပုံ ၁ ပုံခန့် ဖြတ်သန်း တင်ပို့နေသည့် ဟော်မုဇ်ရေလက်ကြားအပေါ် အလုံးစုံ မှီခိုခြင်းမပြုဘဲ ယူအေအီးနိုင်ငံမှ ရေနံ တင်ပို့မှု ဆက်လက်လုပ်ဆောင်နိုင်စေသည့် ပိုက်လိုင်းဖြစ်သဖြင့် ယူအေအီးနိုင်ငံအတွက် မဟာ ဗျူဟာမြောက် အရေးပါသော ပိုက်လိုင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် အဆိုပါ ပိုက်လိုင်းအား စတင် တည်ဆောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် စတင် လုပ်ငန်းလည်ပတ်ခဲ့သည်။ အရှည် ၃၆၀ ကီလို မီတာရှိသည့် အဆိုပါ ပိုက်လိုင်းမှတစ်ဆင့် တစ်ရက်လျှင် ရေနံစိမ်းစည် ၁.၅ သန်းခန့် သယ်ယူ တင်ပို့နိုင်စွမ်းရှိရာ ယူအေအီးနိုင်ငံ၏ စုစုပေါင်းရေနံတင်ပို့မှု၌ ကြီးမားသော ဝေစုအား ကိုယ်စား ပြုထားသော ပိုက်လိုင်းဖြစ်သည်။


ဖူဂျိုင်ရာဆိပ်ကမ်းသည် အာရေဗီယံပင်လယ်ကွေ့၏ ပြင်ပတွင် တည်ရှိခြင်းကြောင့် ယူအေအီးနိုင်ငံအား ကမ္ဘာ့ဦးဆောင် ရေနံနှင့် လောင်စာဆီ သိုလှောင်ရာ ဗဟိုချက်များအနက် တစ်ခုအဖြစ် ရပ်တည်စေလျက်ရှိသည်။ ယူအေအီးနိုင်ငံ၏ အနာဂတ် ရေနံထုတ်လုပ်မှု တိုးတက် လာမည့်အခြေအနေအား အထောက်အကူဖြစ်စေရန်နှင့် ကုမ္ပဏီ၏ အခြေခံအဆောက်အဦ

မြှင့်တင်ရန် ကြိုးပမ်းမှုအဖြစ် ပိုက်လိုင်းတိုးချဲ့ခြင်းဖြစ်ကြောင်း အဘူဒါဘီ အမျိုးသားရေနံ ကုမ္ပဏီက ဖော်ပြထားသည်။

အရှေ့ - အနောက် ရေနံပိုက်လိုင်း တိုးချဲ့ခြင်းသည် ၂၀၂၇ ခုနှစ်တွင် တစ်ရက်လျှင် ရေနံ စိမ်းစည် ၅ သန်းအထိ ထုတ်လုပ်မှု တိုးမြှင့်မည့် ယူအေအီးနိုင်ငံ၏ အစီအမံနှင့် ကိုက်ညီမှုရှိကြောင်း၊ ရေနံတင်ပို့သည့် နိုင်ငံများအသင်း (Organization of the Petroleum Exporting Countries-OPEC) ၏ အဖွဲ့ဝင်အဖြစ်မှ ယူအေအီးနိုင်ငံ နုတ်ထွက်ခဲ့မှုကြောင့် အနာဂတ် ရေနံ ထုတ်လုပ်ရာ၌ ပိုမိုလွတ်လပ်စွာ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ကာလရှည် ထုတ်လုပ်မှု တိုးမြှင့်မည့် အစီအမံများအား ဆောင်ရွက်နိုင်စေမည် ဖြစ်ကြောင်း သိရသည်။

**ယူအေအီးနိုင်ငံ၏ ရေနံ အခြေခံအဆောက်အဦများနှင့် ဟက်ဘ်ရှန်-ဖူဂျိုင်ရာ ပိုက်လိုင်းပြမြေပုံ**




အဆိုပါ ရေနံပိုက်လိုင်းသည် အဘူဒါဘီ အမျိုးသား ရေနံကုမ္ပဏီ၏ ကာလရှည် အခြေခံ အဆောက်အဦ တိုးချဲ့မှု အစီအမံများအနက် အဓိကကျသော မှတ်တိုင်တစ်ခုဖြစ်ပြီး ကုမ္ပဏီ အနေဖြင့် ရေနံတင်ပို့ရာ၌ ဟော်မုဇ်ရေလက်ကြားအပေါ် မှီခိုမှုအား သိသာစွာ လျှော့ချနိုင်ခဲ့ သည်။ ထို့ပြင် အရှေ့-အနောက် ရေနံပိုက်လိုင်း စီမံကိန်းသည် ဒေသတွင်း ပဋိပက္ခကြောင့် မသေချာ မရေရာမှုများ ရှိနေစဉ် အဘူဒါဘီ အမျိုးသား ရေနံကုမ္ပဏီ၏ ရေနံတင်ပို့မှုကို ဆက်လက် လုပ်ဆောင်နိုင်စေခဲ့သည်။

အဘူဒါဘီ အမျိုးသား ရေနံကုမ္ပဏီသည် ရေနံစိမ်း သိုလှောင်မှုနှင့် ပို့ကုန် အခြေခံ အဆောက်အဦများ အပါအဝင် ဖူဂျိုင်ရာ၌ ဆက်လက် ရင်းနှီးမြှုပ်နှံထားပြီး ကမ္ဘာ့စွမ်းအင် ထောက်ပံ့ရေး ကွင်းဆက်တွင် ယူအေအီးနိုင်ငံ၏ အခန်းကဏ္ဍအား ပိုမိုခိုင်မာစေခဲ့သည်။ ပင်လယ်ကွေ့မှ သင်္ဘောလိုင်းများ အဟန့်အတား ဖြစ်နေချိန်တွင် ဖူဂျိုင်ရာမှတစ်ဆင့် ရေနံ

တင်ပို့မှု တိုးတက်လာခြင်းကြောင့် ကမ္ဘာ့စွမ်းအင် ဈေးကွက်၌ ယူအေအီးနိုင်ငံရှိ အရှေ့-အနောက် ရေနံပိုက်လိုင်း၏ မဟာဗျူဟာမြောက် အရေးပါမှုကိုဖော်ပြနေခြင်း ဖြစ်ကြောင်း သိရသည်။

Sources:

UAE's West-East pipeline expansion to become operational in 2027, doubling oil export capacity | The National

https://www.theguardian.com/business/2026/may/15/uae-oil-pipeline-strait-of-hormuz-by-2027

(ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)